အိမ်ရာနေထိုင်သူများအတွက် မျှတသောအိမ်ရာ ဆိုင်ရာအချက်အလက် စာရွက်စာတမ်း

ကျွန်ုပ်အတွက် မျှတသောအိမ်ရာဆိုတာဘာလဲ?
မျှတသောအိမ်ရာဆိုသည်မှာ နေအိမ်ဆိုင်ရာအခွင့်အလမ်းများ ညီမျှစွာရရှိခြင်းဟု ဆိုလိုပါသည်။ မျှတသောအိမ်ရာဥပဒေသည် လူတိုင်းလူတိုင်းအား အိမ်ရာအတွက် လူမျိုး၊ အသားအရောင်၊ ဘာသာ၊ မူလလူမျိုး၊ လိင်/ကျား၊မ၊ (ခန္ဓာကိုယ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ) မသန်စွမ်းမှု၊ မိသားစုတွင် (အသက် 18 နှစ်အောက်) ကလေးရှိမှု စသည့်အခြေအနေများဖြင့် ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ပေးထားပါသည်။ ဖယ်ဒရယ်၏ မျှတသောအိမ်ရာဥပဒေနှင့် ဗာဂျီးနီးယား၏ မျှတသောအိမ်ရာဥပဒေများအရ၊ အိမ်ရာပေးသူသည် အထက်ဖော်ပြပါ အကြောင်းအရာများအပေါ်အခြေခံပြီး သင့်အားအိမ်ရာပေးမှုကို ငြင်းဆိုခြင်း၊ သို့မဟုတ် မတူညီစွာ ဆက်ဆံခြင်းတို့ မပြုလုပ်နိုင်ပါ။ ဗာဂျီးနီးယား၏ဥပဒေတွင်လည်း သက်ကြီးရွယ်အိုများ (အသက် 55 နှစ်နှင့်အထက်) တို့အားခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားပါသည်။

အိမ်ရာခွဲခြားဆက်ဆံမှုကြောင့် တိုက်ခန်းအားနေရန်ငြင်းဆိုခြင်း သို့မဟုတ် ရောင်းဝယ်ချခြင်းများ ပြုလုပ်ပါသလား?
ဒါဟာအခြေအနေအရပါ။ မျှတသောအိမ်ရာဥပဒေသည် "မမျှတစွာ" လုပ်ဆောင်မှုများအားလုံး (အခြား အိမ်ရှင်/အိမ်ငှား ကာကွယ်သည့်ဥပဒေများ) တို့ကို ကာကွယ်မပေးပါ။ ထို့အတူ၊ အိမ်ရာပေးသူနှင့် ငှားရမ်းသူတို့သည် လူတိုင်းလိုက်နာရန်ရည်ရွယ်သည့် စံနှုန်းအရည်အချင်းများ (ဝင်ငွေ၊ ငှားရမ်းမှု သို့မဟုတ် အကြွေးဝယ်ယူနိုင်စွမ်း သမိုင်းနောက်ကြောင်း) ရှိသင့်သည်။ သို့သော်၊ သင့်အားငြင်းဆိုခြင်း သို့မဟုတ် လူမျိုး၊ အသားအရောင်၊ ဘာသာ၊ မူလလူမျိုး၊ လိင်၊ မသန်စွမ်းမှု၊ ကလေးရှိမှု သို့မဟုတ် အသက်ကြီးမှု စသည်တို့ကို အဆင့်မြင့်စံနှုန်းများအဖြစ်ဖြင့် မတူညီစွာဆက်ဆံခြင်းများ မပြုလုပ်နိုင်ပါ။

ဘယ်လိုအိမ်ရာပုံစံ အခြေအနေမျိုးများကို အကာအကွယ်ပေးထားပါသလဲ?
မျှတသောအိမ်ရာဥပဒေသည် ကျယ်ပြန့်သောအိမ်ရာအခြေအနေများ (ငှားရမ်းခြင်းနှင့် ရောင်းချခြင်း)၊ အချို့မိသားစုတစ်စုပိုင်အိမ်များ၊ နှစ်ထပ်တိုက်ခန်းများ၊ တိုက်ခန်းများ၊ ငှားရမ်းအိမ်များ၊ လူနေအိမ်အဖြစ်သုံးသည့် နောက်တွဲယာဉ်များ၊ ပန်းခြံအဖြစ်ပြုလုပ်သည့် နောက်တွဲယာဉ်များ၊ အုပ်စုဖွဲ့အိမ်များ၊ သူနာပြုအိမ်များ၊ ပြည်သူပိုင်အိမ်ရာများနှင့် လူနေတည်းခိုခန်းများအပြင် အိမ်နေရာနှင့်ဆိုင်သည့်ရောင်းဝယ်မှုများ၊ အာမခံ၊ တန်ဖိုးဖြတ်ခြင်းများနှင့် ကြေငြာခြင်းများ အစရှိသည်တို့အား ကာကွယ်ပေးထားပါသည်။

တရားဝင်မဟုတ်သော အိမ်ရာခွဲခြားဆက်ဆံခြင်း၏ ဥပမာအချို့ကဘာတွေပါလဲ?
တရားဝင်မဟုတ်သော အိမ်ရာခွဲခြားဆက်ဆံခြင်း၏ ဥပမာအချို့မှာ – အိမ်နီးချင်း သို့မဟုတ် ၄င်းတို့၏လူမျိုးအခြေခံသည့်နေရာများမှလူများအား သေချာစေရန် ပဲ့ကိုင်ထိန်းထားခြင်း၊ အာဖရိကန်–အမေရိကန်လူမျိုး လျှောက်ထားသူများအား ငှားရမ်းရန်မရှိဟု ပြောဆိုခြင်း၊ သို့သော် လူဖြူများအား ငှားရမ်းရန်ရှိသည်ဟု ပြောဆိုခြင်း၊ နိုင်ငံသားဖြစ်သောကြောင့် ချေးငွေအားငြင်းဆိုခြင်း၊ အချို့လူမျိုးများအား ဥပဒေနှင့်ဆန့်ကျင်သော စည်းကမ်းများ အတင်းအကြပ်ချမှတ်ခြင်း၊ မတ္တဆီကန်မိသားစုများအား မတ္တဆီကန်မဟုတ်သည့် မိသားစုများထက် ဝင်ငွေပိုကောင်းသော အရည်အချင်းရှိရမည်ဟု ပြောဆိုခြင်း၊ အခြားဘာသာဝင်များနှင့် ဆက်ဆံရန်ငြင်းဆိုခြင်း၊ မသန်စွမ်းသူအတွက် လုံခြုံရေးဆိုင်ရာစရန်ငွေကို နှစ်ဆကောက်ခံခြင်း၊ ကလေးရှိသောမိသားစုများအား အဆောက်အဦး၏နောက်ဖက်တွင် သာနေထိုင်စေခြင်း၊ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခြင်း၊ နေအိမ်ငှားရမ်းခြင်း သို့မဟုတ် ပြုပြင်ခြင်းများအတွက် လိင်ပိုင်းဆိုင်ရာ အခြေအနေလိုအပ်ချက်များ ပါဝင်ခြင်း စသည်တို့ပါဝင်ပါသည်။ ထို့အတူ၊ တစ်စုံတစ်ဦးအား ခြိမ်းခြောက်မှု၊ နှောင့်ယှက်မှု၊ သို့မဟုတ် မျှတသောအိမ်ရာဥပဒေ၏ ဓလေ့များကို လုပ်ဆောင်ရန် ခြိမ်းခြောက်ခြင်းများသည်လည်း တရားမဝင်ပါ။

ကျွန်ုပ်တွင်ကလေးရှိခြင်းကြောင့် ဆန့်ကျင်ခွဲခြားဆက်ဆံခြင်း ပြုနိုင်ပါသလား?
မပြုလုပ်နိုင်ပါ – ကလေးရှိသောမိသားစု (အသက် 18 နှစ်အောက်) များကိုအိမ်ရာခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ထားပါသည်။ အိမ်ရှင်များသည် "ကလေးမပါရှိရ" သို့မဟုတ် "လူကြီးများအတွက်သာ" ဟုသာကြေညာခြင်းမပြုနိုင်ပါ၊ သင့်မှာကလေးရှိသောကြောင့် နှင်ထုတ်ခြင်း သို့မဟုတ် ငှားရမ်းရန်ငြင်းဆိုခြင်းမပြုနိုင်ပါ။ သင့်မှာကလေးရှိသောကြောင့် ပိုပြီးကောက်ခံခြင်းမပြုနိုင်ပါ၊ ကလေးရှိခြင်းကြောင့် ခွဲခြားဆက်ဆံခြင်းကို ဆန့်ကျင်သည့်စည်းမျဉ်းများ မရှိရပါ၊ သင့်အားအထပ်များ၊ အဆောက်အဦးများ သို့မဟုတ် နေရာများကန့်သတ်ခြင်းများ မပြုနိုင်ပါ။ အိမ်ရှင်များသည် ယူနစ်တစ်ခုတွင် လူဦးရေကန့်သတ်မှုပါသည်၊ သို့သော် ယေဘုယျအားဖြင့် အိပ်ခန်းတစ်ခန်းတွင် လူနှစ်ဦးအနည်းဆုံး နေထိုင်ခွင့်ပြုရမည်။

အကယ်၍ ကျွန်ုပ်တွင်မသန်စွမ်းသူရှိပါက ကျွန်ုပ်အား ဘယ်လိုကာကွယ်ပေးထားပါသလဲ?
မျှတသောအိမ်ရာဥပဒေသည် သင် သို့မဟုတ် သင်နှင့်သက်ဆိုင်သူတစ်ဦးဦးတွင် ခန္ဓာကိုယ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူရှိမှုအပေါ်အခြေခံပြီး အိမ်ရာခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ထားပါသည်။ မသန်စွမ်းမှုဆိုင်ရာကာကွယ်ခြင်း ဥပမာများမှာ – သွားလာနိုင်မှု၊ အကြားအမြင်ထိခိုက်မှု၊ ဉာဏ်ရည်မှဲ့ဖြိုးမှု နည်းပါးခြင်း၊ စိတ်ပိုင်း သို့မဟုတ် စိတ်ဝေဒနာခံစားမှု၊ သင်ကြားရေးဆိုင်ရာမသန်စွမ်းမှု၊ ခန္ဓာကိုယ်တစ်ခုခုချို့ယွင်းခြင်း၊ အခြားရောဂါနှင့် အခြေအနေများ – အိပ်ချ်အိုင်ဗီ (HIV) စသည်၊ မူးယစ်ဆေးခွဲခြင်း (လက်ရှိထိန်းချုပ်ထားသောဆေးများကို တရားမဝင်သုံးခွဲခြင်းမှလွဲပြီး) နှင့်အရက်စွဲခြင်း စသည်တို့ပါဝင်ပါသည်။ အိမ်ရာပေးသူများသည် မသန်စွမ်းသူများကို တူညီစွာဆက်ဆံရမည်သာမက၊ သင့်တော်သောနေရာထိုင်ခင်းလည်းပေးရမည် ("အိမ်မွေးတိရစ္ဆာန်များမထားရ" သောယူနစ်များတွင် မျက်မမြင်အတွက်လမ်းပြကျင့်ထားသောခွေးများကို ခွင့်ပြုထားသည့်စည်းကမ်းချင်းချက်)၊ သင့်တော်သော နေအိမ်ပြုပြင်ဆောက်ခြင်းများ ခွင့်ပြုရမည် (အဆောက်အဦးပြုပြင်ခြင်း – ထိန်းချုပ်အရက်ဘားများ၊ ဆင်ခြေလျှောလမ်း သို့မဟုတ် တံခါးပေါက်များချဲ့ခြင်း)။

အကယ်၍ ကျွန်ုပ်တွင်မေးခွန်းများရှိပါက သို့မဟုတ် ကျွန်ုပ်အား ဆန့်ကျင်ခွဲခြားဆက်ဆံနေသည်ဟု ခံစားရပါက ဘယ်သူအားပြောဆိုနိုင်ပါသလဲ?
Piedmont အိမ်ရာပူးပေါင်းရေးအသင်း၏ ဒေသဆိုင်ရာမျှတသောအိမ်ရာအတွက် ပညာပေးရေးနှင့် ပြင်ပအစီအစဉ်၊ 434-817-2436 အားဖုံးဇခါပြီး မျှတသောအိမ်ရာဆိုင်ရာ အထွေထွေကျွမ်းကျင်သူနှင့် ပြောဆိုတိုင်ပင်ပါ။